# ပင်လယ်သမုဒ္ဒရာနှင့် လှိုင်းငယ်ကလေး

အံ့မောင်

(၁)
ကျနော်တို့ လူဖြစ်လာရသောခေတ်မှာ အမိနိုင်ငံကြီး နယ်ချဲ့လက်အောက်ရောက်ရာမှ ပြန်လွတ်အောင် ရုန်းခဲ့ရသော လွတ်လပ်ရေး တိုက်ပွဲခေတ်ကြီး ဖြစ်ပါသည်။ ကမ္ဘာ့ နေမဝင်အင်ပါယာကြီး၏ လက်နက်အား၊ ငွေအား၊ အ ထွေထွေဖိနှိပ်မှုအားများအောက်မှ ထိုစဉ်က လူ ၁၄ သန်း အောက်ရှိခဲ့သော တိုင်းပြည်ကလေးက ရုန်းကန်ခဲ့ရ သည်မှာ ဘယ်လောက်ခက်ခဲဖွယ်ရာရှိသည်ကို အားလုံးသိနိုင်ကြပါသည်။

ကျနော်တို့ လူမျိုးများသည် အမိနိုင်ငံကြီး ပြန်လည်လွတ်လပ်လာအောင် သွေးများကိုလည်း ဧရာဝတီ၊ သံလွင်၊ ချင်းတွင်း၊ စစ်တောင်း မြစ်ရေများနှင့် စက်၍ ပေးဆက်ခဲ့ကြရ၏။ ကျနော်တို့၏ ရှိစုမဲ့စု ငွေအားများကိုလည်း ပုံအောပေးခဲ့ကြရ၏။ နယ်ချဲ့၏ ဝါဒဖြန့်ချိမှုများကိုလည်း မိမိတို့၏ လွတ်လပ်ရေးဂါထာ မန္တန်အမျိုးမျိုးဖြင့် တုံ့ပြန် တွန်း လှန်ခဲ့ကြရပါ၏။

ပြည်သူလူထုအား လွတ်လပ်ရေးစိတ်နိုးကြား တက်ကြွအောင် မင်းတုန်းမင်းတရားကြီး လက်ထက် မန္တလေး နေ ပြည်တော်မှ ထုတ်သည့် ရတနာပုံသတင်းစာကြီးမှစ၍ အင်နှင့်အားနှင့် နိုးဆော်လာခဲ့ကြ၏။ ထိုအချိန်က ရန်ကုန် မှ ထုတ်သော မြန်မာဘာသာ သံတော်ဆင့်သတင်းစာ စသည်တို့ကလည်း နယ်ချဲ့သေနတ်အောက်တွင် နေရခဲ့ လင့်ကစား မျိုးချစ်စိတ်ကို မစွန့်လွှတ်ကြဘဲ လွတ်လပ်ရေး တိုက်ပွဲကြီးတွင် ပရိယာယ်ကြွယ်စွာ ပါဝင် ဆင်နွှဲခဲ့ကြသည်။

ထို့နောက် အမျိုးသားလွတ်လပ်ရေး လှုပ်ရှားမှုကြီး ပို၍ပို၍ ကြီးမားပြင်းထန်လာသည်နှင့်အမျှ သူရိယ၊ မြန်မာ့အလင်းစသော သတင်းစာကြီးများ မိုးကြယ်တမျှ ဖူးပွင့်ပေါ်ပေါက်လာကြပြီးနောက် လတ်လပ်ရေးတိုက်ပွဲကြီးကို အင်အားဖြည့်တင်း ပါဝင်ဆင်နွှဲ ထမ်းဆောင်ခဲ့ကြလေသည်။ သိကြသည့်အတိုင်း ဤတိုက်ပွဲကြီးတွင် မြန်မာသတင်းစာဆရာ၊ စာရေးဆရာ၊ ကဗျာဆရာကြီး သခင်ကိုယ်တော်မှိုင်းသည် ပြောင်မြောက်လှသည့် လေးချိုးကဗျာကြီးများ၊ ဋီကာကဏ္ဍိဆောင်းပါးများဖြင့် ပါဝင် အကျိုးဆောင်ခဲ့ပေသည်။

မြန်မာတို့သည် သတင်းစာများကိုသာမက မဂ္ဂဇင်းများ၊ ဂျာနယ်များကိုလည်း ထုတ်ဝေလာကြသည်။ မဂ္ဂဇင်းကို မဂ္ဂဇိန်ဟုပင် နာမည်ဆန်းဆန်းခေါ်ကြသည်လည်း ရှိသည်။ ဆရာကြီးသခင်ကိုယ်တော်မှိုင်းနှင့် လယ်တီပဏ္ဍိတ ဦးမောင်ကြီးတို့ ဦးစီးခဲ့သော ဒဂုန်မဂ္ဂဇင်းကြီးအပြင် တိုးတက်ရေးမဂ္ဂဇင်း၊ ဆယ်သန်းမဂ္ဂဇင်း၊ ကြီးပွားရေးမဂ္ဂဇင်း၊ တက္ကသိုလ်ဘက်မှထုတ်သည့် ဂန္ထလောကမဂ္ဂဇင်းများအထိ မျိုးစုံလှပါသည်။ ကုန်တိုက်ကြီးများ၊ ဆေးတိုက်များကပင် သူတို့ကုန်ကို ကြော်ငြာရန် သက်စောင့်မဂ္ဂဇင်းကဲ့သို့ မဂ္ဂဇင်းများ ထုတ်ကြလေသည်။

နိုင်ငံရေးအုံကြွမှု ကြီးမားလာလျှင် အလင်းပြ လှုံ့ဆော်စည်းရုံးသော စာနယ်ဇင်းများ တိုးလာတတ်သည့်အတိုင်း လွတ်လပ်ရေးတိုက်ပွဲကြီး အရှိန်ပြင်းလာသည်နှင့်အမျှ ပြည်သူတို့အား ပို၍သတင်းပေးနိုင်ရန်၊ လှုံ့ဆော်စည်းရုံးနိုင်ရန် တလတကြိမ်ထုတ် ဂျာနယ်များကို ပို၍များများ ထုတ်လာကြသည်။ ဗန္ဓုလဂျာနယ်၊ ဒီဒုတ် ဂျာနယ်၊ ဂျာနယ်ကျော် စသည်များ။

ဒုတိယကမ္ဘာစစ်အပြီးတွင်လည်း လူထုဂျာနယ်၊ ဇဝနဂျာနယ်တို့အပြင် ပါတီအဖွဲ့အစည်းများမှလည်း ဂျာနယ်ပေါင်းစုံ ထုတ်လာကြသည်။ ဖဆပလသတင်းစဉ်၊ ဗမာပြည်ကွန်မြူနစ်ပါတီမှ ပြည်သူ့အာဏာဂျာနယ်၊ အလံနီကွန်မြူနစ်ပါတီမှ အာဏာသစ်၊ ပြည်သူ့ရဲဘော်ဂျာနယ်၊ တပ်မတော်မှ ခေတ်ရေးဂျာနယ် စသည်တို့နှင့် လင်းယုန်ဂျာနယ်၊ ရန်ကျော်ဂျာနယ်၊ ပြည်သူ့ဂျာနယ်၊ ပြသည်တော်သစ်ဂျာနယ်၊ နှောင်ကြိုးမဲ့ ကမ္ဘာ၊ တိုင်းရင်းသူ၊ တိုင်းရင်းမေ၊ ယုဝတီတို့မှ စ၍ ဘားမားစတားစသော ဂျာနယ်ငယ်လေးများအထိ ပန်းပွင့်ထက်မျိုးစုံသည်ဟု ပြောရမည်။ နောက်ပိုင်းတွင်လည်း ရှေ့သို့၊ အိုးဝေ၊ ရွှေတူ၊ ချင်းတွင်း၊ မှန်နန်း စသည် စသည်တို့အထိ ဂျာနယ်အင်အား အလွန်ကြီးမားပါသည်။

(၂)
ဤဂျာနယ် ပင်လယ်သမုဒ္ဒရာကြီးတွင် ကျနော်တို့လူငယ်များသည် လှိုင်းငယ်ကလေးတခု ဖန်တီးခဲ့ကြပါသည်။ ထိုလှိုင်းငယ်မှာ မော်ကွန်း သတင်းမဂ္ဂဇင်း။

ကျနော်တို့သည် ရန်ကုန်တက္ကသိုလ်မှ ဖွင့်လှစ်သည့် သတင်းစာဒီပလိုမာသင်တန်းကို ၁၉၆၀ - ၆၁ တွင် တက်ရောက်အောင်မြင်ခဲ့ကြပြီးနောက် ထိုပညာကို လက်တွေ့အသုံးချရန် ၁၉၆၁ ဒီဇင်ဘာ - ၁ တွင် မော်ကွန်းသတင်းမဂ္ဂဇင်းကို စတင်ထုတ်ဝေလိုက်ကြပါသည်။ သတင်းမဂ္ဂဇင်းဟု အမည်ယူထားသော်လည်း ဂျာနယ်သာဖြစ်ပါသည်။

ကျနော်တို့က မြန်မာနိုင်ငံဂျာနယ်ပုံစံသစ်တခု တီထွင်လိုပါသည်။ အဆန်းကြီးမဟုတ်ပါ။ ကျနော်တို့ဖတ်နေကြသော အမေရိကန် TIME, NEWSWEEK တို့ကို ပုံစံယူလိုပါသည်။ ထိုစာစောင်တို့က NEWS MAGAZINE ဟု အမည်တပ်သလို ကျနော်တို့ကလည်း သတင်းမဂ္ဂဇင်းဟု အမည်ယူကြပါသည်။

စာစောင်ဖွဲ့စည်းရာတွင်လည်း ထိုအမေရိကန်သတင်းမဂ္ဂဇင်းများကို မှီးပါသည်။

အမေရိကန်သတင်းမဂ္ဂဇင်းများမှာကဲ့သို့ ကျနော်တို့ မော်ကွန်သတင်းမဂ္ဂဇင်းမှာလည်း ပြည်တွင်းရေးနှင့် နိုင်ငံတကာရေးရာကဏ္ဍများက အဓိကဖြစ်ပါသည်။ ထိုအခန်းကို ကျနော်တယောက်တည်း ဒိုင်ခံရေးသည်သာ များပါသည်။

စပ်မိ၍ပြောရလျှင် ကျနော်တို့သည် အမေရိကန်သတင်းမဂ္ဂဇင်းပုံစံနှင့် ရေးသားဟန်တို့ကိုယူသော်လည်း ထိုစဉ်က အမေရိကန်ဝါဒများကိုမူကား မယူကြပါ။

ပြည်တွင်းရေးတွင် နိုင်ငံ၏ လွတ်လပ်ရေးကို ပြည့်ဝပီပြင်စေ၍ ထိန်းသိမ်းကာကွယ်ရေး၊ အမျိုးသားစီးပွားရေးကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး၊ နိုင်ငံခြားကို အမှီခိုကင်းစွာနှင့် တန်းတူရည်တူ နှစ်ဘက်အကျိုးရှိရှိ ပူးပေါင်းဆောင်ရွက်ဆက်ဆံရေး၊ ပြည်တွင်း ငြိမ်းချမ်းရေး၊ အမျိုးသားညီညွတ်ရေးတို့ကို အဓိကထား ရေးကြပါသည်။

နိုင်ငံတကာရေးရာတို့တွင် ထို ၁၉၆၁ ခန့်က မီးခိုးအူလျက်ရှိသော ဗီယက်နမ်နှင့် အင်ဒိုချိုင်းနားဒေသတလွှားတွင် အမေရိကန်နှင့် အပေါင်းပါများ ကျူးကျော်တိုက်ခိုက်စပြုလာသည့် အန္တရာယ်ကို ဆန့်ကျင်ရေးသားကြပါသည်။ ထိုမျှမက ထိုအချိန်က ကွန်ဂို၊ ကျူဘားစသည်တို့တွင် ပြည်ပကျူးကျော်တိုက်ခိုက်မှုများ ရှိသည်ကိုလည်း ဖော်ထုတ်ဆန့်ကျင်ရေးသားခဲ့ကြပါသည်။ အနုမြူလက်နက်ကြီးများကို ပိတ်ပင်ရေး၊ ကမ္ဘာ့ငြိမ်းချမ်းရေး၊ အနိုင်နိုင်ငံ အမျိုးသားလွတ်လပ်ရေးတို့အတွက်လည်း နှိုးဆော်ရေးသားကြပါသည်။

မဂ္ဂဇင်းပေါ် လစီနှင့် ပတ်သက်လျှင် ကျနော်တို့သည် နလုံးသည်းပွတ်ပမာ ထိန်းသိမ်းစောင့်ရှောက်ကြပါသည်။

ကျနော်တို့သည် နိုင်ငံခြားစာစောင်များမှ ဘာသာပြန်ခြင်း၊ သတင်းဘာသာပြန်ခြင်း စသည်တို့ကို လုံးဝ မလုပ်သလောက်ဖြစ်ပါသည်။ နိုင်ငံခြားစာစောင်အမျိုးမျိုးကို ရနိုင်သလောက် ရှာ၍ဖတ်ကြပါ၏။ ထို့နောက် ကျနော်တို့ဘာသာ ဝေဖန်ဆန်းစစ်ပြီး ကျနော်တို့သဘောနှင့် ကျနော်တို့ ကြိုက်သလို ရေးကြပါသည်။ ရသသွင်း ရေးသည့်ဟန်ကို အသုံးများကြပါသည်။

ကျနော်တို့သတင်းမဂ္ဂဇင်းတွင် အခြားကဏ္ဍများလည်း စုံနေအောင် ပါ ပါသည်။ စာပေ၊ အားကစား၊ တေးဂီတ၊ ရုပ်ရှင်၊ အနုပညာ၊ ပညာရေး၊ ကျောင်းသား၊ အမျိုးသမီး၊ ကုန်သွယ်စီးပွား၊ လယ်သမား၊ အလုပ်သမား၊ လူငယ်၊ စာနယ်ဇင်း၊ ပန်တျာ၊ သိပ္ပံပညာ၊ လူမျိုးစု၊ ပုဂ္ဂိုလ်ရေးရာ စသည်များ။

ထိုစဉ်က စာပေအခန်းကို မောင်လင်းယုန်၊ မင်းလုညွန့်ကြူး၊ တခါတရံ ဒဂုန်တာရာတို့ ရေးတတ်ကြသည်။ အားကစားမှာ ကိုထွန်းသာ၊ အလုပ်သမားရေးရာမှာ ကိုလေးမြင့်။

သီးခြားဆောင်းပါးများလည်း အရေးရှိလျှင်ရှိသလို ပါ ပါသည်။ ဒဂုန်တာရာ၊ ဗန်းမော်တင်အောင်၊ မြသန်းတင့်၊ မောင်မေတ္တာတို့မှစ၍ ကျွမ်းကျင်စေတနာရှင်များက ရေးကြပါသည်။ စာမူခမှာ ဘယ်သူ့ကိုမျှ တပြားမျှ မပေးရပါ။ အားလုံးမေတ္တာနှင့် ရေးကြပါသည်။ ပင်တိုင်အယ်ဒီတာများကလည်း လခတပြားမျှမရကြပါ။

ကျနော်တို့ အယ်ဒီတာအဖွဲ့မှာလည်း လူပြောခံရလောက်အောင် များပါသည်။ မောင်နန္ဒ၊ မောင်အုံမောင်၊ မောင်မောင်ညွန့်၊ မောင်မြင့်ဦး၊ မောင်ထွန်းသာ၊ မောင်နန်းဝေ၊ မေမေလှိုင်၊ လင်းယုန်မောင်မောင်၊ မောင်တင်ရွှေ၊ မောင်ထွန်းသစ်၊ သိန်းသန်းထွန်း၊ မောင်ဝင်းနိုင်၊ မောင်လေးမြင့် စသူတို့နှင့် အတိုင်ပင်ခံအယ်ဒီတာများမှာ ကိုဌေးမြိုင်၊ မြသန်းတင့်၊ မောင်နေဝင်း၊ နန်းဝေ (ပန်းချီ)၊ မြတ်လေး၊ စိန်လှအောင်၊ စန္ဒယားချစ်ဆွေ၊ ခင်မောင်လွင်၊ ဘဂျမ်း၊ ဘဝင်း၊ မောင်မိုးသူ၊ မောင်သိန်းတန်၊ အောင်သိမ်းနိုင်၊ မောင်လှဝေ စသူများဖြစ်၍ ပုံနှိပ်ထုတ်ဝေသူမှာ ဦးစိုးလှိုင်၊ အမှတ် ၉၀ လှည်းတန်းလမ်း၊ လမ်းမတော်၊ ရန်ကုန်ဖြစ်သည်။ ကြော်ငြာများကို ဦးအောင်ဒင်နှင့် ဦးခင်မောင်ညွန့်တို့က တာဝန်ယူ ကောက်ပေးကြသည်။

မော်ကွန်းသတင်းမဂ္ဂဇင်းကို ၁၉၆၁ ဒီဇင်ဘာ ၁ မှ ၁၉၆၂ ဇူလိုင်အထိ ပေါင်း ၁၁ စောင်ထုတ်ပြီး ၁၉၆၂ ဇူလိုင်လတွင် အယ်ဒီတာအဖွဲ့၏ ဆုံးဖြတ်ချက်ဖြင့် ရပ်လိုက်ပါသည်။

မဂ္ဂဇင်းမှာ ကရောင်းရှစ်ချိုးဆိုက် (ရတနာမွန်မဂ္ဂဇင်းကဲ့သို့) ဖြစ်၍ စာမျက်နှာ ၄၈ မျက်နှာသာပါသည်။ မျက်နှာဖုံးမှာ ကြွေစက္ကူဖြစ်၍ ဓာတ်ပုံများကိုသာထည့်သည်။ တန်ဖိုး ပြား ၅၀။ စောစောပိုင်းက တလနှစ်ကြိမ်၊ နောက်ပိုင်း တလ တကြိမ်ထုတ်သည်။

ကျနော်တို့သတင်းမဂ္ဂဇင်းမှာ လူငယ်များ၏ စာနယ်ဇင်းပညာစမ်းသက်မှုမျှသာ ဖြစ်ရာ အဘက်ဘက်မှ ကူညီအားပေးမှုများ ရပါသည်။ သို့သော် မဂ္ဂဇင်းဂျာနယ်တစောင်ကို ရေရှည်တည်အောင်လုပ်ရေးမှာ စာရေးတတ်ကြရုံနှင့် မပြီးဘဲ စီးပွားရေးဆိုင်ရာ စီမံတတ်မှုကလည်း အရေးကြီးလှကြောင်း ကျနော်တို့ ပညာယူကြရပါသည်။

(၃)

စာနယ်ဇင်းလိုင်းငယ်ကလေးတခု ကျနော်တို့ ဖန်တီးခဲ့ကြပါသည်။ စာနယ်ဇင်း ပင်လယ်သမုဒ္ဒရာမှာ ကြီးမားလှပါဘိ။ လှိုင်းတံပိုးလည်း ထန်လှပါဘိ။

အံ့မောင်<br>၃၁၊ ၅၊ ၂၀၀၇

မိုးဂျာနယ် အမှတ် (၁၂)၊ အောက်တိုဘာ - ၂၀၀၇ တွင် ပါဝင်ခဲ့သောဆောင်းပါးအား ပြန်လည်ဖော်ပြခြင်း ဖြစ်ပါသည်။<br>ကြိုတင်ခွင့်ပြုချက်မတောင်းခံခဲ့ရသဖြင့် ဆရာအံ့မောင်အား အနူးအညွတ်တောင်းပန်အပ်ပါသည်။